# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 24, 2020 | Volume 29, Number 15


## ရန်ကုန်မြို့၊ Myanmar International Trade Center တွင် Help Desk ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ

ရန်ကုန်မြို့၌ မတ် ၁၄ ရက်တွင် ကျင်းပခဲ့သည့် Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀) ဆုံးဖြတ်ချက်အရ COVID–19 ကြောင့် ထိခိုက်မှုရှိမည့် လုပ်ငန်းများတွင် ထိခိုက်မှုလျော့နည်း သက်သာရေးအတွက် ချက်ချင်းအရေးယူဆောင်ရွက်ပေးရမည့်ကိစ္စများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၆၂၂/၆၂၆)၊ ကုန်သည်လမ်း၊ လမ်း(၃၀)နှင့် ဗိုလ်ဆွန်ပက်လမ်းကြားရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (Myanmar International Trade Center) တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အကြီးတန်းအရာရှိများပါဝင်သည့် Help Desk တစ်ခု ကို မတ် ၂၃ ရက်မှစတင်၍ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဗဟိုဌာနတွင် ဖွင့်လှစ်ထားသည့် Help Desk အနေဖြင့် COVID–19 ကြောင့် ထိခိုက်မှုရှိမည့်လုပ်ငန်းများတွင် ထိခိုက်မှု လျော့နည်းသက်သာစေရေးအတွက် ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်းသို့ မြန်ဆန်သွက်လက်စွာသယ်ယူ၍ စက်ရုံများ ဆောလျင်စွာ လည်ပတ်နိုင်ရေးအတွက် ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စများ၊ အလုပ်သမားရေးရာဆိုင်ရာကိစ္စများအပါအဝင် ချက်ချင်းအရေးယူ ဆောင်ရွက်ပေးရမည့်ကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဖြေရှင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

COVID–19 ကြောင့် လုပ်ငန်းများတွင် ထိခိုက်မှု လျော့နည်းသက်သာရေးအတွက် လတ်တလော ကြုံတွေ့နေရသည့် အခက်အခဲများကို ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၆၂၂/၆၂၆)၊ ကုန်သည်လမ်း၊ လမ်း(၃၀)နှင့် ဗိုလ်ဆွန်ပက်လမ်းကြားရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ Myanmar International Trade Center တွင် ဖွင့်လှစ်ထားသည့် Help Desk သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊ ၀၁-၃၈၅၃၂၃ နှင့် ၀၁-၃၈၅၃၃၁ သို့ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ အီးမေးလ်လိပ်စာ mitcmyantrade@gmail.com သို့ဖြစ်စေ ဆက်သွယ် ချိတ်ဆက်၍ အကူအညီတောင်းခံနိုင်ပါကြောင်း သတင်းရရှိသည်။

Source: https://www.moi.gov.mm/?q=node%2F35270&fbclid=Iw AR12j_Yix P8zf9 Z2p WhZ5uX2EhAzXvrHwNpUFHKkt5CK2BL6UHxp5_BC6cY

**၂၄.၃.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၇၆ -US$ |
| မြန်မာ့ရွှေဈေး | = ၁၁၆၄၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၃၉၅/- ကျပ် |
| CBM Rate | = ၁၄၀၄.၅ကျပ် |
| ယူရို တစ်ယူရို | = ၁၅၂၀.၇ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၆၈.၃၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၃၉.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၆၈.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၃၃.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၈.၄၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၄၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၁၆.၇၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၇၀၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တစ်နှစ်လျှင် အတိုးနှုန်း ၁ ရာခိုင်နှုန်း ထပ်မံလျှော့ချကြောင်း ကြေညာချက်ထုတ်ပြန်

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် လက်ရှိ ဖြစ်ပွားလျက်ရှိသော Covid 19 ရောဂါကူးစက်မှု အခြေအနေများကြောင့် နိုင်ငံ၏ စီးပွားရေး ပိုမိုလျှင်မြန်စွာ အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ပြီး ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၄၁ (စ) အရ ဗဟိုဘဏ်အတိုးနှုန်း (Bank Rate) အား ပြင်ဆင်သတ်မှတ်ထားသည့် တစ်နှစ်လျှင် ၉.၅ ရာခိုင်နှုန်း မှ ၁ ရာခိုင်နှုန်း ထပ်မံလျှော့ချ၍ ဘဏ်တိုးနှုန်း တစ်နှစ်လျှင် (၈.၅) ရာခိုင်နှုန်း သို့ ထပ်မံပြောင်းလဲ ပြင်ဆင်သတ်မှတ်လိုက်ပြီ ဖြစ်သည်။ ယခုကြေညာချက်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် ဗဟိုဘဏ်၏ အတိုးနှုန်း အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်း နှင့် ချေးငွေများအပေါ်တောင်းခံနိုင်သည့် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်းဆိုင်ရာ ညွှန်ကြား ချက် အမှတ် (၄/၂၀၂၀) အား ၂၀၂၀ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ ရက်စွဲဖြင့် ကြေညာခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် လက်အောက်ရှိ ဘဏ်များ၏ အပ်ငွေပေါ်အတိုးနှုန်းနှင့်ချေးငွေအတိုးနှုန်းများကိုလည်း အောက်ပါအတိုင်း ထပ်မံလျှော့ချပြင်ဆင်လိုက်ပြီ ဖြစ်သည်။

(က) ငွေစုစာရင်းအပ်ငွေ၊ ငွေစုလက်မှတ် နှင့် အချိန်စေ့မှ ပေးရမည့် အပ်ငွေတို့အပေါ်တွင် ပေးရမည့် အနည်းဆုံး အတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအောက် (၂) ရာခိုင်နှုန်း (၈.၅% – ၂% = ၆.၅%) ထက်မနည်းစေရန်။

(ခ) အောက်ပါ အာမခံပစ္စည်းများ ရယူ၍ ထုတ်ချေးသည့် ချေးငွေများ အပေါ်တွင် တောင်းခံနိုင်သည့် အများဆုံး အတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်း အထက် (၃) ရာခိုင်နှုန်း (၈.၅% + ၃% = ၁၁.၅%) ထက် ကျော်လွန်၍ ကောက်ခံခြင်း မပြုရန်–

– မြေနှင့်အဆောက်အဦး၊ ရွှေ–ရွှေထည်ပစ္စည်း၊ စိန်နှင့်အဖိုးတန်ကျောက်မျက်ရတနာများ၊ ငွေစုလက်မှတ်၊ အစိုးရငွေတိုက်စာချုပ်၊ စာရင်းသေအပ်ငွေ (အချိန်ပိုင်းအပ်ငွေ)၊ အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက် မှတ်များ နှင့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ လက်ရောက်အပေါင် ( Pledge)၊ ချေးငွေအာမခံ (Credit Guarantee) ဖြင့် ထုတ်ချေးသည့် ချေးငွေများ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာ သတ်မှတ် သည့် အာမခံပစ္စည်းများ စသည်တို့ကို အခြေပြု၍ ထုတ်ချေးသည့် ချေးငွေများ။

(ဂ)အထက်အပိုဒ် (ခ) ပါ အာမခံပစ္စည်းများမှ အပ အခြားအာမခံပစ္စည်း ရယူ၍ ဖြစ်စေ၊ အာမခံပစ္စည်း ရယူခြင်း မပြုဘဲ ဖြစ်စေ၊ ထုတ်ချေးသည့် ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ဗဟိုဘဏ် အတိုးနှုန်း အထက် ၆ ရာခိုင်နှုန်း (၈.၅% + ၆% = ၁၄.၅%) ထက်ကျော်လွန်၍ ကောက်ခံခြင်း မပြုရန် ကြေညာချက်တွင် ပါဝင်သည်။

အဆိုပါ အတိုးနှုန်းထပ်မံလျှော့ချပြင်ဆင်ပြောင်းလဲမှုများသည် ၂၀၂၀ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်ပြီး အကျိုးသက်ရောက်မည်ဖြစ်သည်ဟုသိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် မှ ၂၀၂၀ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ညွှန်ကြားချက် အမှတ် (၁/၂၀၂၀) ရက်စွဲဖြင့် ဗဟိုဘဏ်အတိုးနှုန်း (Bank Rate ) အား တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်း သတ်မှတ်ထားရာမှ ၀.၅ ရာခိုင်နှုန်းလျှော့ချလိုက်သည့်အတွက် အတိုးနှုန်း ၉.၅ ရာခိုင်နှုန်း အဖြစ်စတင်ပြောင်းလဲ ပြင်ဆင်သတ်မှတ်ခဲ့သည်။

**Source:** http://www.mizzimaburmese.com/article/68317

## ဆူဇူကီးက သီလဝါတွင် CKD ကားစက်ရုံ တည်ဆောက်မည်

ဂျပန်အခြေစိုက် ကားကုမ္ပဏီ ၁ ခုဖြစ်သည့် Suzuki Motor Corporation သည် သီလဝါ အထူး စီးပွားရေးဇုန်တွင် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် (ယန်း ၁၂ ဘီလီယံ) ရင်းနှီးမြှုပ်နှံပြီး CKD (Completely Knocked Down) စနစ်ဖြင့် ကားစက်ရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။ Suzuki Motor Corporation သည် သီလဝါ အထူးစီးပွားရေး ဇုန်တွင် SKD (Semi Knocked Down) စနစ်ဖြင့် မော်တော် ယာဉ်များကို တပ်ဆင်ထုတ်လုပ်သော စက်ရုံ ၁ ရုံ ရင်းနှီးမြှုပ်နှံထားပြီး ယခုတွင် CKD စနစ်ဖြင့်(Welding, Painting, Assembly) စက်ရုံအသစ်ကို ထပ်မံ ရင်းနှီးမြှုပ်နှံခြင်း ဖြစ်သည်။ Suzuki အနေဖြင့် မြန်မာနိုင်ငံတွင် ဈေးကွက် ကျယ်ပြန့်လာခြင်းကြောင့် စက်ရုံသစ်ကို တည်ဆောက်ခြင်းဖြစ်ပြီး ထိုစက်ရုံ သည် ၂၀၂၃ ခုနှစ် စက်တင်ဘာလ၌ လုပ်ငန်း စတင်လည်ပတ်မည်ဖြစ်ပြီး နှစ်စဉ် ကားအစီးရေ ၄ သောင်းခန့် ထုတ်လုပ် သွားမည် ဖြစ်ကြောင်း Suzuki ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ သိရသည်။ "ဒါက ကြိုဆိုရမယ့်ကိစ္စပါ။ SKD ကနေ CKD ကို ဘယ်နှနှစ်အတွင်း သွားရမယ်ဆိုတာ ပါပြီးသားလေ။ အခုလိုမျိုး CKD စနစ်နဲ့ ကုမ္ပဏီကြီး ၁ ခုက စပြီးလုပ်ပြီဆိုတော့ နောက်ကုမ္ပဏီတွေလည်း

ထပ်ပါလာအောင် တွန်းအား ၁ ခုပဲ "ဟု မြန်မာ့ မော်တော်ယာဉ် ထုတ်လုပ်ရေး နှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များ အသင်း အတွင်းရေးမှူး ဦးမျိုးဇင်ဝင်းက ဧရာဝတီ သို့ ပြောသည်။

ထို့ပြင် Suzuki ကားအမှတ်တံဆိပ်သည် လက်ရှိ ပြည်တွင်းဈေးကွက်ထဲတွင် ရောင်းအားအကောင်းဆုံးဖြစ်နေသည့် အတွက် ဈေးကွက်အတွက် ပြည့်မီအောင် ဆောင်ရွက်ခြင်းလည်း ဖြစ်ကြောင်း ၎င်းကဆိုသည်။ ဦးမျိုးဇင်ဝင်းက ဆက်လက်၍ "SKD စနစ်ကနေ CKD ကူးပြီဆိုရင် နည်းပညာပိုင်းဆိုင်ရာတွေရော တိုးတက်မှုရှိလာမယ်။ ကိုယ့်နိုင်ငံသားတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ ဈေးကွက်ထဲမှာလည်း ယှဉ်ပြိုင်အားကောင်းလာပြီးတော့ သုံးစွဲသူတွေအတွက် ဝန်ဆောင်မှု ကောင်းကောင်းတွေ ပိုရလာတော့မှာပေါ့" ဟုပြောသည်။ Suzuki ကားကုမ္ပဏီ သည် ၁၉၉၈ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် မော်တော် ဆိုင်ကယ်နှင့် မော်တော်ယာဉ်များကို အစိုးရနှင့် ဖက်စပ်အဖြစ် ထုတ်လုပ် တပ်ဆင်ရောင်းချခြင်းဖြင့် လုပ်ငန်းများ စတင်ခဲ့ခြင်းဖြစ်ကာ လက်ရှိအချိန်တွင် အမေရိကန်ဒေါ်လာ ၃၅ သန်းခန့် ရင်းနှီးမြှုပ်နှံ ထားသည်။ ထို့နောက် Suzuki (Myanmar) Motor Co.,Ltd နှင့် Suzuki Thilawa Motor Co.,Ltd တို့အဖြစ် ရာနှုန်းပြည့် ရင်း နှီးမြှုပ်နှံထားပြီး လက်ရှိတွင် တောင်ဒဂုံစက်ရုံနှင့် သီလဝါစက်ရုံတို့တွင် Carry, Ciaz, Ertiga နှင့် Swift ကားအမျိုးအစားများကို ထုတ်လုပ်လျက်ရှိသည်။

၂၀၁၉ ခုနှစ် ၁ နှစ်လုံးတွင် မြန်မာနိုင်ငံ၌ ကားအစီးရေ ၁၃,၃၀၀ စီးကို ထုတ်လုပ်ခဲ့ရာ ယခင်နှစ်ထက် ၁၂၅ ရာခိုင်နှုန်း တိုးတက် ထုတ်လုပ်နိုင်ခဲ့ပြီး ကားသစ်ရောင်းချမှုတွင်လည်း ဈေးကွက်ရှယ်ယာ ၆၀.၃ ရာခိုင်နှုန်း ရရှိခဲ့ပြီး အစီးရေ ၁၃,၂၀၆ စီးကို ရောင်းချနိုင်ခဲ့ရာ ယခင်နှစ်ထက် ၁၂၈ ရာခိုင်နှုန်း တိုးတက် ရောင်းချနိုင်ခဲ့ကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရသိရသည်။ ဂျပန်အခြေစိုက် ကားကုမ္ပဏီကြီးတခုဖြစ်သည့် တိုယိုတာကားကုမ္ပဏီကလည်း သီလဝါအထူးစီးပွားရေး ဇုန်တွင် SKD (Semi Knock Down) စနစ်ဖြင့် ထုတ်လုပ်မည့် ကားစက်ရုံကို အမေရိကန်ဒေါ်လာ သန်း ၅၂ ဒသမ ၆ ရင်းနှီးမြှုပ်နှံထားလျက်ရှိသည်။

**Source:** https://burma.irrawaddy.com/news/2020/03/23/218868.html

## မြန်မာ-အိန္ဒိယနယ်စပ်သွားလာမှု ပိတ်ထားသည့်အတွက် ကလေးဒေသထွက်ငှက်ပျောများ အရောင်းအဝယ်ရပ်တန့်



COVID-19 ဂယက်ကြောင့် မြန်မာ-အိန္ဒိယနယ်စပ်ကို မတ်လဆန်းမှ စတင်ပိတ်လိုက်သည့်အတွက် ကလေးဒေသမှတင်ပို့ရောင်းချနေသည့် ကလေးဒေသထွက် ငှက်ပျောသီးအရောင်းအဝယ် ရပ်တန့်သွားကြောင်း ကလေးဒေသခံ ငှက်ပျောစိုက်တောင်သူများထံမှသိရသည်။ ကလေးဒေသ တွင် အများဆုံးစိုက်ပျိုးသည့်ငှက်ပျောမှာ ဘရာဇီး၊ ခွံစိမ်း၊ သီးမွှေး၊ ဖီးကြမ်း ငှက်ပျောမျိုးများဖြစ်ပြီး ချင်းပြည်နယ် မြန်မာ-အိန္ဒိယ နယ်စပ်ရိဒ် ဈေးကွက် နှင့် မြန်မာ-အိန္ဒိယနယ်စပ် စစ်ကိုင်းတိုင်းဒေသကြီး တမူး နယ်စပ်ဈေးများသို့ တင်ပို့ရောင်းချကြောင်းသိရသည်။

"ကလေးဒေသထွက် အသီးအနှံကုန်စည်အားလုံး ရိဒ်နယ်စပ်ဈေးကွက်နဲ့ တမူးနယ်စပ်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချ ပါတယ်။ အခု COVID-19 ကြောင့် နယ်စပ်ရောင်းဝယ်ရေးတွေ ရပ်ဆိုင်းသွားတယ်ဆိုတော့ ကျွန်တော်တို့ ဒေသထွက် ငှက်ပျောဈေးကွက်ပါပျက်သွားတာပါ။ မုံရွာ၊ ပခုက္ကူ၊ ချင်းတွင်းအထက်ပိုင်း ဈေးကွက်တွေကလည်း အနည်းအကျဉ်း လောက်ပဲ ဝယ်ယူမှုရှိတာဆိုတော့ ဒေသတွင်းမှာ ဈေးလျှော့ရောင်းနေရတယ်"ဟု ငှက်ပျောစိုက်တောင်သူ ဦးဖိုးလုံးက ပြောသည်။ ကလေးဒေသထွက်ငှက်ပျောကို ကလေးမြို့တောင်ပိုင်း မြစ်သာမြစ်ရိုးတစ်လျှောက်နှင့် ဇင်းကလင်း အစရှိသော ဒေသများတွင် စိုက်ပျိုးမှုများပြားပြီး ငှက်ပျောစိုက်တောင်သူတစ်ဦးလျှင် အနည်းဆုံးဧက ၂၀ မှ ဧက ၅၀ အထိ စိုက်ပျိုးမှုရှိသည်။ ကလေးမြို့စိုက်ပျိုးရေးဌာနမှ ထုတ်ပြန်သည့်သတင်းများအရ ကလေးမြို့နယ်တွင် ငှက်ပျောစိုက်ဧက ထောင်ချီရှိနေကြောင်း သိရသည်။ "ကျွန်တော်တို့ ဒေသငှက်ပျောစိုက် တောင်သူတွေအနေနဲ့ ဈေးကွက်အပေါ် မူတည်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြရတာဖြစ်ပါတယ်။ ဟိုးအရင်ကာလတွေတုန်းကတော့ အိန္ဒိယနယ်စပ်တွေက ဖရဲသီးအဆွဲများတော့ ဖရဲသီး စိုက်ကြတယ်။ အခုတော့ ငှက်ပျောအဆွဲများတော့ ငှက်ပျောစိုက်ကြတယ်။ ဒီဘက်မှာ ငှက်ပျောတစ်ဧက စိုက်ပျိုးရင် ကျပ် ၁၆

သိန်းဝန်းကျင် အကုန်အကျရှိတယ်။ ပြန်ရောင်းချိန်မှာ တစ် ဧကကို ကျပ်သိန်း ၃၀ ဝန်းကျင် ပြန်ရတယ်။ အခုနှစ်ကတော့ အရင်းပြန်ရရင်တော်သေးရဲ့လို့ အောက်မေ့ရတာပါပဲ"ဟု ဇင်းကလင်းရွာ ငှက်ပျောစိုက်တောင်သူ ဒေါ်အေးမေက ပြောသည်။

ယခုရက်ပိုင်း ကလေးဒေသထွက် ဘရာဇီးငှက်ပျော၊ သီးမွှေးငှက်ပျော၊ ဖီးကြမ်းငှက်ပျောတစ်ဖီးကို ကျပ် ၁၀၀၀ ဝန်းကျင် ဖြင့်ရောင်းချနေပြီး ကလေးမြို့ သစ်သီးရောင်းဝယ်ရေး ကုန်စိမ်းတန်းတွင်လည်းကောင်း၊ ကားဖြင့် လှည့်လည်ရောင်းချနေသည့် ဈေးသည်များထံတွင်လည်းကောင်း၊ ဇင်းကလင်းရွာ၊ ထိုမာရွာ၊ ထောက်ကြန့်ရွာများတွင်လည်းကောင်း ကလေး-ဂန့်ဂေါ-မုံရွာ-မန္တလေး ကားလမ်းနံဘေးတို့ တွင်ရောင်းချနေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/137309.html

## မြန်မာ့ချော်ဖြူ ပြည်ပတင်ပို့မှုရပ်ဆိုင်းနေ



ယခုလက်ရှိအတွင်း မြန်မာ့ချော်ဖြူ ပြည်ပတင်ပို့မှုမှာ လုံးဝရပ်ဆိုင်း နေကြောင်းမြန်မာနိုင်ငံချော်ဖြူ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းမှသိရပါတယ်။ ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်နေသော ကမ္ဘာ့ကပ် ရောဂါကြောင့် ပြည်ပကိုတင်ပို့နေတဲ့ ချော်ဖြူဈေးကွက်မှာ ဝယ်ယူမှု မရှိတော့တာကြောင့် တင်ပို့မှုရပ်ဆိုင်းနေတာဖြစ်တယ်လို့ မြန်မာနိုင်ငံ ချော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဦးဟိန်းထက်က ပြောပါတယ်။ အခုထိ တရုတ်ကိုလည်းတင်ပို့လို့မရပါဘူး။ လာဝယ်သူလည်းမရှိပါဘူး။ ဝူဟန်ရောဂါဖြစ်ပြီး တစ်ပတ်ကြာတော့ ပြည်ပ တင်ပို့မှု ရပ်ဆိုင်းသွားတာအခုအချိန်ထိပါပဲ။

မြန်မာ့ချော်ဖြူမှာ ပြည်ပနိုင်ငံများကို တင်ပို့မှုရပ်ဆိုင်းနေပေမယ့်လည်း ပြည်တွင်းမှာ အရောင်းအဝယ် ပုံမှန်ရှိနေကြောင်း အဆိုပါအသင်းမှသိရပါတယ်။ မြန်မာ့ချော်ဖြူကို တရုတ်နိုင်ငံကို အဓိကထားတင်ပို့နေတာဖြစ်ကြောင်းလည်း မြန်မာနိုင်ငံ ချော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/export_stop_of_almond_tap

## ရွှေဈေး ရက် ၂၀ အတွင်း ကျပ်ခြောက်သောင်းခွဲ ကျဆင်း



မတ်လအတွင်း ပြည် တွင်းရွှေဈေးသည် ရက် ၂၀ ကျော်အတွင်း တစ်ကျပ်သားလျှင် ကျပ်ခြောက်သောင်းခွဲကျဆင်းကြောင်း ပြည်တွင်းရွှေလုပ်ငန်းရှင်များကပြောသည်။ နယ်စပ်ဂိတ်များ ပိတ်ဆို့ ထားခြင်းကြောင့် အိန္ဒိယနှင့် တရုတ်နိုင်ငံသို့ ရွှေတင်ပို့မှု ရပ်ဆိုင်း နေပြီး ပြည်တွင်းဈေးကွက်တွင်လည်း အရောင်းအဝယ်ရပ်တန့်လု နီးပါးဖြစ်နေသည်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။ “အရောင်းအဝယ်လည်း အေးနေတယ်။ ကမ္ဘာ့ရွှေဈေး လည်းကျတယ်။ ဒါကြောင့် အခု လို ဈေးကျတာပါ”ဟု ၎င်းကပြောသည်။ ဈေးကျဆင်းသော်လည်း ဝယ်ယူသူမရှိသလောက် နည်းပါး နေသည်ဟု ၎င်းကပြောသည်။

ပြည်တွင်း ရွှေဈေးသည် မတ်လ ၂ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၂၁၆, ၀၀၀ ပေါက်ဈေးရှိရာမှ မတ်လ ၂၃ ရက်တွင် ၁၁၅၂,၀၀၀ အထိ ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေး သည် မတ်လ ၂ ရက်တွင် တစ် အောင်စလျှင် ၁,၄၃၉ ဒေါ်လာရှိ ရာမှ မတ်လ ၂၃ ရက်တွင် ၁,၄၁၈ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ “အချိန်တိုတွင်းမှာ ခြောက် သောင်းကျော်လောက် ကျဆင်း တာမျိုး မရှိဖူးဘူး။ အရောင်းအ ဝယ်ကတော့ ပါးနေတယ်” ဟု တိတ်စိန်ရွှေဆိုင်ပိုင်ရှင် ဦးဇော် အောင်ကပြောသည်။

ဧပြီလသည် ပုံမှန်အရောင်းအဝယ်ကျဆင်းလေ့ရှိသည့်ကာလဖြစ်သော်လည်း ယခုကာလသည် ပိုမိုကျဆင်းနေသည်ဟု ရွှေ

လုပ်ငန်းရှင် ဦးမင်းမင်းကပြော သည်။ ရွှေဈေးကျဆင်းမှုသည် ပြည်တွင်းဒေါ်လာဈေးကျဆင်းမှုနှင့် သက်ဆိုင်သည်ဟု ၎င်းက ပြောသည်။

**Source: Myanma Awba Group**

## အိန္ဒိယမှမတ်ပဲအဝယ်သတင်းကြောင့် ၁၄ ရက်အကြာ မတ်ပဲတစ်တန်ငွေကျပ်တစ်သိန်းခန့်ဈေးတက်လာ

မတ် ၆ ရက်ရန်ကုန်ဈေးကွက်အတွင်း မတ်ပဲ RC ကတစ်တန်ငွေကျပ် ၈၅၇၀၀၀ အထိ ဈေးကျလာသော်လည်း၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်အတွင်းအိန္ဒိယနိုင်ငံမှ မတ်ပဲတန်ချိန်လေးသိန်းကို ယင်း နိုင်ငံအတွင်းသို့ တင်သွင်းခွင့်ပြုမည့်သတင်းကြောင့် ရန်ကုန်ပဲဈေးကွက်အတွင်း မတ် ၂၀ ရက်တွင် မတ်ပဲ RC တစ်တန်ငွေကျပ် ၉၅၂၀၀၀ သို့ မြင့်တက်လာသည်ဟု နေ့စဉ်ဈေးနှုန်း ထုတ်ပြန်ချက်မှ သိရသည်။ အိန္ဒိယနိုင်ငံ အနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ထပ်မံတင်သွင်းခွင့်ပြုထားသော မတ်ပဲ တန်ချိန် နှစ်သိန်းငါးသောင်းကို ယင်းနိုင်ငံဆိပ်ကမ်းများသို့ ယခုနှစ် မတ် ၃၁ ရက်အရောက် တင်သွင်းရမည်ဟု ခွင့်ပြုထားရာမှ ဧပြီလကုန်အထိ ရက်တိုးပေးထားသည်။ မတ် ၁၉ ရက်စွဲဖြင့် အိန္ဒိယအစိုးရမှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အတွက် ယင်းနိုင်ငံသို့ မတ်ပဲတန်ချိန်လေးသိန်း တင်သွင်းခွင့်ပြုပေးမည်ဟု ထုတ်ပြန်အသိပေးထားသည်။ ယင်းမတ်ပဲများကို ၂၀၂၀ ပြည့်နှစ် မေ ၁ ရက်မှ ၂၀၂၁ မတ်လကုန်အတွင်း ယင်းနိုင်ငံဆိပ်ကမ်းများသို့ အရောက်တင်သွင်းရမည်ဟုသိရသည်။ ယင်းသတင်းကြောင့် ရန်ကုန်ပဲ ဈေးကွက်အတွင်း တစ်တန်ငွေကျပ် ၈၅၇၀၀၀ ရှိခဲ့သည့်မတ် ၆ ရက်မှ ၁၄ ရက်အကြာမတ်ပဲ RC တစ်တန် လျှင် ငွေကျပ် ၉၅၀၀၀ ဈေးမြင့်တက် လာသည်။ မတ် ၆ ရက် ဈေးနှုန်းအနိမ့်တွင်ရှိစဉ် ယင်းရက်တွင် ယင်းပဲ ကုန်သေတ္တာအလုံးရေ ၁၃၀ အားဖြင့် တန် ၃၅၂၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။ဈေးနှုန်းပြန်လည်မြင့်တက်လာ သော ယခုရက်ပိုင်းတွင်လည်း နေ့စဉ် ကုန်သေတ္တာအလုံးရေ ၁၀၀ ကျော် မတ် ၂၀ ရက်တွင်မူ ၁၆၅ လုံး တန်ချိန် အားဖြင့် တန် ၃၉၆၀ အရောင်းအဝယ်ဖြစ်ခဲ့သည်ဟု ဈေးနှုန်းနှင့် ယှဉ်ဖော်ပြထားသော နေ့စဉ်အရောင်းအဝယ်ဖြစ်သည့် ပဲစာရင်းမှသိရသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လလယ် နောက်ပိုင်းမ ှစ၍ အိန္ဒိယနိုင်ငံအနေဖြင့် ယင်းနိုင်ငံအတွင်း ပဲတင်သွင်းခွင့်ကို ၂၀၁၈ ခုနှစ် မတ်လကုန်အထိပိတ်ခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွက် ပဲစင်းငုံတန်ချိန် နှစ်သိန်း၊ မတ်ပဲနှင့်ပဲတီစိမ်းတန်ချိန်တစ်သိန်းငါးသောင်းစီ အိန္ဒိယနိုင်ငံသို့တင်သွင်း ခွင့်ကို ၂၀၁၈ ခုနှစ် မေလဆန်းတွင် အိန္ဒိယအစိုးရမှအသိပေးထုတ်ပြန်ခဲ့သည်။ ယင်းကာလမှစ၍ မြန်မာပြည်တွင်း ဈေးကွက် တွင် ပဲဈေးနှုန်းများမြင့်တက်လာသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၆ရက်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၉၈၈၀၀၀ ၂၀၁၉ ခုနှစ်နိုဝင်ဘာ ၅ ရက်တွင်မူ ငွေကျပ် ၁၃၃၀၀၀၀ အထိ မြင့်တက်ခဲ့သည်။၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက် တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၁၁၈၇၀၀၀ ရှိခဲ့ရာ မတ် ၁၉ ရက်အထိ ယင်းဈေးနှုန်းသို့ မရောက်သေးဟုသိရသည်။ ဇန်နဝါရီ ၂ ရက်တွင် ပြည်ပပို့ကုန်ရငွေလဲနှုန်း ငွေကျပ် ၁၄၇၀ ပြည်ပပို့ FOB ဈေးမတ်ပဲ RC တစ်တန် ၈၀၀- ၈၂၀ဒေါ်လာနှုန်း ရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ် မတ် ၂၀ ရက်တွင် မူ ပြည်ပပို့ကုန်ရငွေလဲနှုန်း ၁၄၂၂ ကျပ် ပြည်ပပို့တစ်တန်ဈေး ၆၅၀- ၆၇၀ ဒေါ်လာနှုန်းရှိသည်ဟု သိရသည်။ အိန္ဒိယနိုင်ငံသို့ မတ်ပဲအဓိကတင်သွင်းနေသည့်နိုင်ငံမှာ မြန်မာနိုင်ငံဖြစ်၍ ရန်ကုန်ပဲဈေးကွက်အတွင်း မတ်ပဲဈေးနှုန်း မြင့်တက်လာနိုင်သည့်အလားအလာအပေါ် အမျိုးမျိုးထင်မြင်ယူဆမှုများကို ကြားသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## ရက်ပေါင်း ၅၀ အတွင်း စက်သုံးဆီ လက်လီဈေး တစ်လီတာ ကျပ် ၄၀၀ ခန့်ကျဆင်း

COVID-19 ဂယက်နှင့်ဆက်စပ်၍ ဇန်နဝါရီလကုန်ပိုင်းမှစတင်၍ ဒေါ်လာဈေးနှင့်အတူ ကမ္ဘာ့ရေနံဈေးကွက်ကျဆင်းလာသဖြင့် စက်သုံးဆီလက်လီဈေးကွက်၌ မတ် ၂၃ ရက်အထိ ရက်ပေါင်း ၅၀ ကျော်အတွင်း တစ်လီတာ ကျပ် ၄၀၀ ဝန်းကျင် အထိကျဆင်းခဲ့ရာ မန္တလေးဈေးကွက်တွင် ပီပါလိုက်ဝယ်ယူသိုလှောင်မှုများရှိကြောင်း အရောင်းဆိုင်အချို့မှသိရသည်။ ယခုနှစ် ဇန်နဝါရီတွင် ဈေးအမြင့်ဆုံး အောက်တိန်း 92 တစ်လီတာလျှင် ကျပ် ၉၄၀၊ 95 ကျပ် ၁၀၅၀၊ ပရီမီယံဒီဇယ် ကျပ် ၁၀၉၀ နှင့် ရိုးရိုးဒီဇယ် ကျပ် ၉၇၀ ရှိခဲ့ရာက မတ် ၂၃ ရက်တွင် အောက်တိန်း 92 ကျပ် ၄၉၀၊ 95 ကျပ် ၆၃၅၊ ပရီမီယံဒီဇယ် ၅၇၅ ကျပ်နှင့် ရိုးရိုးဒီဇယ် ကျပ် ၅၆၀ ဖြစ်ကြောင်း DENKO ၏ လစဉ်စက်သုံးဆီ အရောင်းဈေးကွက်မှတ်တမ်းများအရ သိရသည်။ "ဆီဈေးကျတာ တစ်လကျော်ပြီ၊ လက်ရှိမှာ အောက်တိန်းက ကျပ် ၅၁၀ နဲ့ငြိမ်နေတာ ရက်ပိုင်းလောက်ကြာ

သွားပြီ။ ဆိုင်မှာသွားလာရင်း ဆီဖြည့်တဲ့သူတွေအပြင် တစ်ရက်ကို ဗီပါ ၁၅ လုံးလောက် လာဝယ်တဲ့သူတွေရှိတယ်။ ဈေးကျတာနဲ့ လာဝယ်ကြတယ်"ဟု မန္တလေးမြို့ကမ်းနားလမ်းရှိ **DENKO** စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းတစ်ဦးကပြောသည်။

စက်သုံးဆီဈေးကျဆင်းနေမှုကြောင့် မန္တလေးရှိ စက်သုံးဆီအရောင်းဆိုင်ကြီးများမှ ပြန်လည်ရောင်းချသူများက တစ်ရက်လျှင် ဗီပါလိုက်ဝယ်ယူမှုများရှိနေသကဲ့သို့ ဈေးနှုန်းကျဆင်းသဖြင့် လက်လီရောင်းအားမှာ ယခင်ထက်ပိုမိုလာခဲ့ပြီး ပုံမှန်ဝယ်ယူသည့် ကားများ၊ ဆိုင်ကယ်ပိုင်ရှင်များ၏ ဝယ်ယူမှုမှာ ပုံမှန်ရောင်းအားအတိုင်းရှိကြောင်းသိရသည်။ "စက်သုံးဆီဈေးကွက်က ဆက်တိုက်ကျဆင်းနေတယ်။ ခုချိန်က ဘယ်သူမှ မိုက်တိမိုက်ကန်း ဝယ်မှာမဟုတ်ဘူး။ နောက်ရက်ကျဦးမှာပဲ ဆိုပြီးပေါ့။ ဒီအချိန်မှာ အများနည်းတူ ပေါက်ဈေးနဲ့ရောင်းရတယ်။ မလုပ်နိုင်ရင်လည်း မလုပ်နဲ့။ မန္တလေးမှာရောင်းတဲ့ ကုမ္ပဏီတွေက အများကြီးမို့ တစ်ရက်ဘယ်လောက်ရောင်းရတာ မခန့်မှန်းနိုင်ဘူး"ဟု မန္တလေးတိုင်း စက်သုံးဆီတင်သွင်း ရောင်းချဖြန့်ဖြူးရေးအသင်း အတွင်းရေးမှူးကပြောသည်။

မန္တလေးမြို့ စက်သုံးဆီဆိုင်များတွင် မတ် ၂၃ ရက် တစ်လီတာချင်း လက်လီရောင်းချသည့် ဈေးနှုန်းများမှာ အောက်တိန်း ၉၂ ကျပ် ၅၁၀၊ ၉၅ ၆၅၅ ကျပ်၊ ပရီမီယံဒီဇယ် ၅၉၅ ကျပ်နှင့် ရိုးရိုးဒီဇယ် ကျပ် ၅၈၀ ရှိကြောင်းသိရသည်။ စက်သုံးဆီအရောင်းဆိုင်များရောင်းချမှုတွင် ဈေးနှုန်းအနည်းငယ်ကွာဟမှုရှိပြီး နယ်ဈေးနှုန်းများသည် ရန်ကုန်မြို့နှင့်မတူညီဘဲ ခရီးအကွာအဝေးအရ သယ်ယူစရိတ်ပေါင်း၍ ရောင်းချကြကြောင်း သိရသည်။ စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက "မန္တလေးက ဆိုင်ကယ်မြို့တော်ဆိုတော့ လမ်းဘေးရေသန့်ဘူးနဲ့ရောင်းတဲ့သူတွေကစလို့ အောက်တိန်း 92 နဲ့ 95 ပဲ ရောင်းတာ များတယ်။ အောက်တိန်းဆိုရင် ဖေဖော်ဝါရီ ၁ ရက်က ကျပ် ၈၃၀ ကနေ မတ် ၁ ရက်မှာ ကျပ် ၇၇၀။ ဒီနေ့မှာ ကျပ် ၅၁၀ ပါ။ ရက် ၂၀ လောက်မှာ ကျပ် ၂၀၀ လောက် ကျသွားတယ်"ဟုဆိုသည်။

**Source:** https://myanmar.mmtimes.com/news/137276.html

## စက်ပိုင်ကုန်သည်များ ထိုက်သင့်သည့်ပမာဏကို အရန်ဆန်အဖြစ်သိမ်းဆည်းထားရန် ဆန်စပါးအသင်းချုပ်ထုတ်ပြန်

စက်ပိုင်ကုန်သည်ကြီးများနှင့် ကုမ္ပဏီကြီးများအနေနှင့် မိမိလက်ဝယ်ရှိဆန်ကို ကုန်စင်အောင်ရောင်းချခြင်းမပြုဘဲ မိမိဒေသအတွက် ထိုက်သင့်သည့်ပမာဏကို အရန်ဆန်အဖြစ် သိမ်းဆည်းထားရှိပေးရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ကြေညာလိုက်သည်။ လက်ရှိအခြေအနေ၌ ပြည်တွင်းဈေးကွက်တွင် လက်ကျန်ဆန်စပါး လုံလောက်စွာရှိပြီး ပြည်သူလူထုအနေနှင့် သတင်းမှားများ၊ ဝါဒဖြန့်မှုများကို ရှောင်ကြဉ်ရန်နှင့်လိုအပ်ပါက အသင်းချုပ်နှင့်သော်လည်းကောင်း၊ အသင်းချုပ်၏ ညီနောင်အသင်းများနှင့် ကုန်စည်ဒိုင်များကို တိုက်ရိုက်ဆက်သွယ်မေးမြန်းရန် ကြေညာချက်တွင်ပါရှိသည်။

အသင်းချုပ်၊ အသင်းဝင်လုပ်ငန်းရှင်များအနေနှင့် မိမိတို့ထံတွင် ပစ္စည်းမှန်၊ ဈေးမှန်ဖြင့် ဆန်ဝယ်ယူရရှိနိုင်သည်ဆိုသည့်သတင်းကို လူမှုကွန်ရက်မှ တတ်နိုင်သမျှတင်ပေးရန်နှင့် ဆန်ရောင်းဝယ်နေပုံများကို နေ့စဉ်လူမှုကွန်ရက်တွင် တင်ပေးရန်အပြင် ကုန်စည်ဒိုင်နှင့် ဆန်အရောင်းဆိုင်များအားလုံး လှုပ်ရှားမှုတစ်ရပ်အနေနှင့်ပါဝင်စေလိုကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရသည်။ "အသင်းချုပ် လုပ်ဆောင်နေတာတွေ၊ ဆက်သွယ်ရမယ့် အီးမေးလ်တွေရော ထုတ်ပြန်ပေးတာပါ။ ဒါကတော့ အသင်းချုပ်က လုပ်တဲ့ဟာပေါ့။ အဲဒီအထဲမှာရှိတဲ့ ဖုန်းတွေကို အချိန်မရွေးဆက်သွယ်ပါ။ လိုအပ်သလို ကူညီပေးလို့ရပါတယ်။ လူတွေက ဆန်တွေလိုက်ဝယ်နေကြတော့ အချိန်မီထုတ်ပြန်ပေးတာပါ" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယအမှုဆောင်အရာရှိချုပ် ဦးမြင့်လွင်ကပြောကြားသည်။ ထို့ပြင် ကျေးလက်ဒေသ ဆန်စပါးစိုက်ပျိုးသည့် တောင်သူလယ်သမားများနှင့် ကျေးရွာများတွင် နေထိုင်သူများအနေနှင့် လူစုလူဝေးများ၊ အလှူမင်္ဂလာပွဲများ မပြုလုပ်ရန်နှင့် မိမိတို့ရွာတွင် နိုင်ငံခြားပြန်များရှိပါက ကျန်းမာရေးဌာနနှင့် အုပ်ချုပ်ရေးဌာနများ၏ ညွှန်ကြားချက်အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရေး အလေးထားကြရန် ညွှန်ကြားချက်တွင်ပါရှိသည်။

အသင်းချုပ်အသင်းဝင်ကုမ္ပဏီများက ငွေကြေးလှူဒါန်းမှုများနှင့် ဆန်အိတ်လှူဒါန်းမှုများကို ပါဝင်အားဖြည့်ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိပြီး လိုအပ်သည့်နေရာဒေသများသို့ပေးပို့ထောက်ပံ့ပေးနိုင်ရန် စီစဉ်လျက်ရှိကာ အသေးစိတ်အစီအစဉ်ကို

ထပ်မံကြေညာပေးသွားမည်ဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှသိရသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (ရုံးချုပ်) တွင် လုပ်ငန်းများစဉ်ဆက်မပြတ်ဖြစ်စေရန် အစီအစဉ်ချမှတ်ထားပြီး **MRF Covid-19 Response Task Force** ဖွဲ့စည်းကာ လုပ်ငန်းများစီမံဆောင်ရွက်သွားမည်ဖြစ်ကာ အစည်းအဝေးများနှင့်လူပုဂ္ဂိုလ်အချင်းချင်းထိတွေ့မှုများကိုမပြုလုပ်ဘဲ ဖုန်းနှင့် **Online** စနစ်၊ **Email**၊ **Viber**၊ **Messenger** တို့မှ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

**Source : The Voice**

https://news.ydnp.net/337258/

## ကမ္ဘာ့ဘဏ်က မြန်မာသို့ ဒေါ်လာသန်း ၅၀ ချေးမည်

**COVID – 19 စိန်ခေါ်မှု ကြုံနေရသော မြန်မာနိုင်ငံအတွက် ကမ္ဘာ့ဘဏ်က ပထမအကြိမ် ချေးငွေအမေရိကန်ဒေါ်လာ သန်း ၅၀ ပံ့ပိုးပေးမည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ယမန်နေ့ညတွင် သတင်း ထုတ်ပြန်သည်။ အဆိုပါ ချေးငွေသည် COVID – 19 စိန်ခေါ်မှုကို ရင် ဆိုင်နေရသည့် နိုင်ငံများသို့ ကမ္ဘာ့ဘဏ်၏ချေးငွေ အမေရိ ကန်ဒေါ်လာ ၁၄ ဘီလီယံမှ ပံ့ပိုးပေးခြင်းဖြစ်သည်။**

**ထို့အပြင် အာရှဖွံ့ဖြိုးရေးဘဏ်ကလည်း မြန်မာနိုင်ငံအတွက် COVID – 19 ရောဂါကာ ကွယ်ရေးနှင့်ကုသရေးလိုအပ်သည့် အကူအညီအထောက်အပံ့၊ ချေးငွေများပေးအပ်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နေသည်ဟု သတင်းထုတ်ပြန်သည်။**

**Source:** https://7day.news/detail?id=182374

## COVID–19 ဆိုင်ရာ ကန့်သတ်ချက်များကြောင့် နယ်သာလန်နိုင်ငံ၏ စီးပွားရေး ၃.၅ ရာခိုင်နှုန်း ကျဆင်းနိုင်ခြင်း

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ပျံ့နှံ့နေမှုကို ထိန်းချုပ်နိုင်ရေးကန့်သတ်ဆောင်ရွက်ချက်များ ကြောင့် ယခုနှစ်အတွက် နယ်သာလန်နိုင်ငံ၏ စီးပွားရေး ၃.၅ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း နယ်သာလန်နိုင်ငံ၊ ABN AMRO ဘဏ်က ခန့်မှန်းခဲ့ပြီး၊ ယင်းတွက်ချက်မှုမှာ လက်ရှိကန့်သတ်ချက်များသည် (၂) လခန့်အထိအချိန်ကြာမြင့်နိုင်သည်ဟူသော ယူဆချက်အပေါ်အခြေခံ၍ တွက်ချက် ထားခြင်းဖြစ်ကြောင်း၊ ၎င်းဘဏ်၏အဆိုအရ ပြီးခဲ့သည့်ဖေဖော်ဝါရီလက ၂.၉ ရာခိုင်နှုန်းရှိခဲ့သည့် အလုပ်လက်မဲ့ နှုန်းထားမှာ ယခုနွေရာသီတွင် ၄.၅ ရာခိုင်နှုန်းဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်းသိရပါသည်။

စားသုံးသူသုံးစွဲမှုပိုင်းကျဆင်းခဲ့သဖြင့် ကဏ္ဍအားလုံးတွင် သက်ရောက်မှုရှိမည်ဟု ခန့်မှန်းထားပြီး ဧည့်ဝန်ဆောင်မှု လုပ်ငန်းကဏ္ဍမှာ အထိနာဆုံးဖြစ်နိုင်ကြောင်း၊ သို့ရာတွင် အွန်လိုင်းမှ ဝယ်ယူမှုများဆီသို့ ပိုမိုဦးတည်လာသည်ကို အဆိုပါဘဏ် အနေဖြင့် သတိပြုမိကြောင်း၊ ယခုနှစ်အတွက် စားသုံးသူသုံးစွဲမှုသည် ၅ ရာခိုင်နှုန်းဖြင့် ကျဆင်းမည်ဟုခန့်မှန်းထားကြောင်း၊ ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် နေအိမ်မှတစ်ဆင့်အလုပ်လုပ်ကိုင်စေခြင်းစသည်တို့ကြောင့်လည်း ထုတ်လုပ်မှုအပိုင်းတွင် သက်ရောက်မှုရှိခဲ့ကြောင်း ABN AMRO ဘဏ်ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

နယ်သာလန်နိုင်ငံသည် တံခါးဖွင့်စီးပွားရေးဖြစ်သဖြင့် ထိခိုက်လွယ်ပြီး လက်ရှိအခြေ အနေများကြောင့် ကုန်သွယ်မှု ကျဆင်းလျက်ရှိသော်လည်း လက်ရှိကန့်သတ်ချက်များကို မေလတွင် ဖယ်ရှားနိုင်ခဲ့ပါက ယခုနှစ်၏ ဒုတိယနှစ်ဝက်ကာလတွင် စီးပွားရေးပြန်လည်နိုးထမှုတစ်ချို့ကို မျှော်လင့်နိုင်မည်ဖြစ်ကြောင်း၊ ကော်ဖီဆိုင်များ၊ စားသောက်ဆိုင်များပိတ်သိမ်းထားရသည့် ကန့်သတ်ချက်အများစုကို မေလခန့်တွင် ရုပ်သိမ်းနိုင်ခဲ့လျှင် လာမည့်နွေရာသီ၌ စီးပွားရေးတိုးတက် ပြန်လည်အားကောင်း နိုင်ဖွယ်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်တွင်မူ စီးပွားရေးတိုးတက်မှု ပြန်လည်မြင့်မားလာနိုင်သည့်အခြေအနေကို မျှော်လင့်ထားကြောင်း အဆိုပါဘဏ်ကပြောကြားထားပါသည်။

နယ်သာလန်နိုင်ငံ၊ ဗဟိုစီမံကိန်းဗျူရိုကလည်း နယ်သာလန်နိုင်ငံ၏ စီးပွားရေးကျဆင်းမည့်အခြေအနေကို ခန့်မှန်းထားကြောင်း၊ စီးပွားရေးကျဆင်းနိုင်မှုအတိုင်းအတာသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ဆက်လက်ဖြစ်ပွားမှု အချိန်ကာလအပေါ်တွင်မူတည်နေကြောင်း၊ ABN AMRO ဘဏ် က အချိန် (၂) လကြာကာလအတွင်း ကန့်သတ်ဆောင်ရွက်မှုများ ရုပ်သိမ်းနိုင်မည့်ယူဆချက်အပေါ် အခြေခံတွက်ချက်ထားသော်လည်း၊ နယ်သာလန်နိုင်ငံ၊ ဗဟိုစီမံကိန်းဗျူရိုအနေဖြင့် အချိန် (၃) လမှ (၁၂) လအတွင်း ယူဆချက်များအပေါ်အခြေခံ၍ ခန့်မှန်းတွက်ချက်ခြင်းဖြစ်ကြောင်း နယ်သာလန်တိုင်းမ်၏ ၂၇-၃-၂၀၂၀ နေ့တွင် သတင်းဖော်ပြချက်အရ သိရှိရပါသည်။

**Source: နယ်သာလန်တိုင်းမ်**

**စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## အိန္ဒိယ၏ နနွင်းတက်ဈေးကွက်ဝယ်လိုအား မြင့်တက်လျက်ရှိခြင်း

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုဖြစ်ပေါ်နေချိန်တွင် ဆေးဖက်ဝင်ကုန်ပစ္စည်းအဖြစ် အလေးထားရောင်းဝယ်လာမှုက ဥရောပနှင့်အနောက်အာဖရိကဈေးကွက်၌ အိန္ဒိယ၏ ပြည်ပပို့ကုန်နနွင်းတက်များအပေါ် ဝယ်လိုအားမြင့်တက်မှု ဖြစ်ပေါ်လျက်ရှိကြောင်း အိန္ဒိယကုန်သည် အသိုင်းအဝိုင်းမှ ပြောဆိုလျက်ရှိကြပါသည်။

အိန္ဒိယနိုင်ငံ၌ နနွင်းတက်များအား နှစ်စဉ် နိုဝင်ဘာလမှ ဇန်နဝါရီလအတွင်းရိတ်သိမ်း၍ ပြည်ပတင်ပို့လေ့ရှိရာ ယခုနှစ်အစောပိုင်းကာလများတွင် ပြည်ပမှဝယ်လိုအားမှာ ကျဆင်းရှိနေခဲ့သော်လည်း ဖေဖော်ဝါရီလကုန်ပိုင်းခန့်မှစ၍ နနွင်းတက်ပြည်ပဝယ်လိုအား ရုတ်တရက်မြင့်တက်လာကြောင်း၊ အထူးသဖြင့် ဗြိတိန်နှင့်ဂျာမဏီနိုင်ငံတို့မှ ဝယ်ယူမှုပိုမိုများပြားပြီး ၁၀ ရက်ခန့် ကာလအတွင်း ၃၀၀% အထိ မြင့်တက်လာကြောင်း၊ သို့ရာတွင် အိန္ဒိယနှင့်အဆိုပါနိုင်ငံများအကြား လေကြောင်းခရီးဖြင့် ကုန်စည်သယ်ယူပို့ဆောင်နိုင်မှုမှာ ၉၀% ခန့်လျော့ကျခဲ့ရာ ယခုကဲ့သို့ အခွင့်အလမ်းပေါ်ပေါက်လာမှုကို အပြည့်အဝရယူနိုင်ခြင်း မရှိကြောင်းသိရှိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုသည် ကြက်သားစားသုံးမှုနှင့် ဆက်စပ်လျက်ရှိသည်ဟူသော ကောလာဟလများ အိန္ဒိယပြည်သူလူထုအကြား ဖြစ်ပေါ်လျက်ရှိခြင်းက ပြည်တွင်းဈေးကွက်၌ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ဝယ်လိုအားကိုလည်း ၅% မှ ၁၀% အထိ မြင့်တက်မှုဖြစ်ပေါ်စေခဲ့ကြောင်း၊ သို့သော် ပြည်တွင်း၌ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ ပိုလျှံစွာထုတ်လုပ်နိုင်သဖြင့် ဈေးနှုန်းများမြင့်တက်ခြင်းမရှိစေရန် ထိန်းသိမ်းထားနိုင်ကြောင်းသိရှိရသည်။

**Source: Coronavirus scare shoots up demand for India's raw turmeric, 17 March 2020, Economic Times**

**စီးပွားရေးသံမှူး-အိန္ဒိယ**

## ကမ္ဘာ့အလွတ်လပ်ဆုံးကုန်သွယ်မှုဒေသဖြစ်ခဲ့သည့် ဟောင်ကောင်ဒေသအား စင်ကာပူနိုင်ငံမှ ကျော်လွန် သွားခြင်း

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသသည် ကမ္ဘာ့အလွတ်လပ်ဆုံး ကုန်သွယ်မှုဒေသအဖြစ် တည်ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်အတွင်း အစိုးရဆန့်ကျင် ဆန္ဒပြမှုများကြောင့် ကမ္ဘာ့ငွေကြေး စင်တာအဖြစ် အောင်မြင်ကျော်ကြားရာ ကမ္ဘာလုံးဆိုင်ရာ လေ့လာတိုင်းတာမှုအရ ၁၉၉၅ ခုနှစ်ကတည်းက ကမ္ဘာ့အလွတ်လပ်ဆုံး ကုန်သွယ်မှုဒေသဖြစ်ခဲ့သည့် ဟောင်ကောင်ဒေသအား စင်ကာပူနိုင်ငံမှ ပထမဆုံးအနေဖြင့်ကျော်လွန်သွားကြောင်း၊ ဟောင်ကောင်ဒေသ၏ လွတ်လပ်စွာရင်းနှီးမြှုပ်နှံမှုများ သိသာစွာကျဆင်းမှုကြောင့် စီးပွားရေးလွတ်လပ်မှု ရမှတ် အဆင့်မှာ လျော့နည်းသွားကြောင်း၊ စင်ကာပူနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်လျှင်ရမှတ်အဆင့်မှာ တည်ငြိမ်မှုရှိသောကြောင့် ဟောင်ကောင်ဒေသအား ရေရှည်ယှဉ်ပြိုင်သူအနေဖြင့် ဟောင်ကောင်ဒေသကို ပထမဆုံး ကျော်လွန်ခဲ့ကြောင်း၊ ဟောင်ကောင်ဒေသသည် ၁၉၉၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကမ္ဘာ့ အလွတ်လပ်ဆုံး ကုန်သွယ်မှုဒေသအဖြစ်တည်ရှိခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း အစိုးရဆန့်ကျင်ဆန္ဒပြမှုများကြောင့် ဟောင်ကောင်ဒေသသည် စီးပွားရေးလုပ်ကိုင်ရန် အကောင်းဆုံးနေရာတွင် တည်ရှိနေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဆောင်ရွက်ရန် စိတ်ဝင်စားမှုအများဆုံးခံရသည့်ဒေသအဖြစ်မှလျော့ကျခဲ့ကြောင်း၊ ထို့ပြင်ကိုရိုနာ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့်

ရောဂါကူးစက်မှုစတင်ပျံ့နှံ့သည့် ကာလအစောပိုင်းတွင် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများမှလည်း ဆေးကုသမှုများ လုပ်ဆောင်ရန် လုံလောက်မှုများမရှိသောကြောင့် မကျေနပ်မှုများအား ဆန္ဒပြမှုများရှိနေကြောင်း၊ ဟောင်ကောင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Edward Yau မှ ပြောကြားရာတွင် ဟောင်ကောင်ဒေသ၏ စီးပွားရေး အဆင့်မှာ ကာလကြာရှည်စွာ မြင့်မားစွာရပ်တည်နိုင်ခြင်း၊ ဒေသ၏ စီးပွားရေးလွတ်လပ်မှုအဆင့်မှာ ပြောင်းလဲ နိုင်ဖွယ်မရှိနိုင်ခြင်းတို့ကြောင့် စီးပွားရေးအဆင့်မှာ ပြန်လည်မြင့်တက်လာနိုင်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ပထမဆုံး စီးပွားရေးကျဆင်းခဲ့ပြီး အစိုးရဆန့်ကျင် ဆန္ဒပြမှုများနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် လုံခြုံရေးကိစ္စရပ် များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များများ တွင် မသေချာမှုများ စိုးရိမ်ဖွယ်ရာ များရှိနေသောကြောင့် လာမည့် ၂၀၂၀ ပြည့်နှစ်တွင်လည်း ဒုတိယနှစ်အနေဖြင့် စီးပွားရေးဆက်လက်ကျဆင်းနေမည်ဟုခန့်မှန်းကြောင်း၊ ဟောင်ကောင် ဒေသအနေဖြင့် အာရှတွင်စီးပွားရေးလုပ်ကိုင်ရန် အတည်ငြိမ်ဆုံးဒေသအဖြစ် ကာလကြာရှည်စွာ ရပ်တည်နိုင် ခဲ့သောကြောင့် အစိုးရဆန့်ကျင်ဆန္ဒပြမှုများ လပေါင်းများစွာဖြစ်ပွားခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ အတွက် လွတ်လပ်စွာဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများပြန်လည်ကောင်းမွန် တိုးတက် လာမည်ဖြစ်ကြောင်း ၁၇-၃-၂၀၂၀ ရက်နေ့ထုတ် Bloomberg သတင်းစာ၌“Singapore overtakes Hong Kong as world's freest economy” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## STOCK EXCHANGE (24.3.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 24th Mar. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 10,500 | 2,251 | 24,413,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,700 | -100 | -2.63% | 3,750 | 3,750 | 3,700 | 7,412 | 27,541,000 | 38,929,150 | 144,038 |
| MCB | 00003 | 8,200 | -300 | -3.53% | 8,200 | 8,200 | 8,200 | 2 | 16,400 | 10,400,986 | 85,288 |
| FPB | 00004 | 21,500 | -500 | -2.27% | 21,500 | 21,500 | 21,500 | 1,310 | 28,165,000 | 2,472,053 | 53,149 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,750 | 2,750 | 2,750 | 1 | 2,750 | 12,823,224 | 35,264 |


### Market summary

As of 24th Mar. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 449.84 | -6.50 | -1.42% | 451.73 | 451.73 | 439.94 | 10,976 | 80,138,150 | 5 | 615,979 |

**Index chart**



## Market Overview

As of 1:00 pm, 24th Mar. 2020

| MYANPIX | 449.84 ▼ 6.50 |
|---|---|
| Total Volume (shares) | 10,976 |
| Total Value (MMK) | 80 mil |
| Listed Company | 5 |
| Market Cap. (MMK) | 615,979 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,700 | ▼ 100 |
| MCB | 00003 | 8,200 | ▼ 300 |
| FPB | 00004 | 21,500 | ▼ 500 |
| TMH | 00005 | 2,750 | ▼ 50 |

TIR